# မြန်မာနိုင်ငံအတွင်း ဒေသတွင်း ကိုက်ညီ အောင် ဆောင်ရွက်ခြင်း (LOCALISATION) - မြန်မာနိုင်ငံအတွင်းရှိ ပါဝင်သည့်အဖွဲ့ အစည်းများ အား ပြန်လည်တောင့်တင်းခိုင်မာစေရန် ပံ့ပိုးပေးမည့် ယနေ့ နှင့် မနက်ဖြန်။

ပြန်လည်သုံးသပ်မှု



## အစီရင်ခံစာ၊ အနှစ်ချုပ်

Global Mentoring Initiative မှရေးသားသည်။ မေလ၊ ၂၀၂၂

ဤအစီရင်ခံစာသည် လာမည့်နှစ်အနည်းငယ်ကြာအောင် အလားတူကျန်ရှိနေဦးမည်ဟု ယူဆရသည့် မြန်မာနိုင်ငံ အတွင်းရှိ လက်ရှိအခြေအနေများ၌ ဒေသတွင်း ကိုက်ညီအောင်ဆောင်ရွက်ခြင်း (Localisation)ကို နောက်ထပ်မည်ကဲ့သို့ပံ့ပိုးပေးမည်နည်းဟူသည့် မေးခွန်းအပြင်၊ ပံ့ပိုးပေးမှုရှိ၊ မရှိဟူသည့်မေးခွန်းတို့ကို စူးစမ်းလေ့လာထားခြင်းဖြစ်ပါသည်။ ရန်ပုံငွေအထောက်အကူ ပြုခြင်းမှတဆင့် မြန်မာနိုင်ငံမှအဖွဲ့ အစည်းများအပေါ် လွှမ်းမိုးမှုအာဏာများစွာကို ရယူထားသည့် နိုင်ငံတကာမှ အကူအညီ ပေးရေးအဖွဲ့ အစည်းများ၏ ရှုထောင့်မှနေ၍ ဤအစီရင်ခံစာကို လေ့လာထားခြင်းဖြစ်သည်။ သို့သော် မြန်မာ နိုင်ငံမှ အဖွဲ့ အစည်းများအနေဖြင့် ပြု လုပ်ရမည့် သို့မဟုတ် ထိုထက်ပို၍လုပ်ဆောင်ရန်လိုအပ်သည့် အရာများ ကိုလည်း ဖော်ပြထားပါသည်။

အစီရင်ခံစာ၌ နိုင်ငံတကာအေဂျင်စီအဖွဲ့ အစည်းများ၏ လက်တွေ့ လုပ်ဆောင်မှုများအတွင်းရှိ ပြောင်းလဲမှုများနှင့် အရေးပါသည့်ထင်မြင် ယူဆချက်များကိုသာမက၊ နိုင်ငံတွင်းအဖွဲ့ အစည်းများနှင့် ဒေသခံအဖွဲ့ အစည်းများဖြင့် ၎င်းတို့၏ချိတ်ဆက်ပုံအပြင်၊ နိုင်ငံတကာအကူအညီပေးရေးစနစ်၏ အလုပ်လုပ်ပုံကို ပုံဖော်ပေးသည့် အခြေခံ ယူဆချက်များကို ကမ်းလှမ်းဖိတ်ခေါ်ထားသည်။ ယနေ့ မြန်မာနိုင်ငံ အတွင်းရှိ အကျပ်အတည်းများကို တုံ့ပြန် ဆောင်ရွက်နေရသည့် နိုင်ငံတကာနှင့် ပြည်တွင်း/ ဒေသခံအဖွဲ့ အစည်းအားလုံးအတွက် ဤအစီရင်ခံစာကို ရည်ရွယ်ထားပါသည်။ ယင်းတွင် အလှူရှင်များ၊ ကမ္ဘာ့ ကုလသမဂ္ဂ အေဂျင်စီအဖွဲ့ အစည်းများ၊ ကြက်ခြေနီ အဖွဲ့ အစည်းများ၊ နိုင်ငံတကာမှ အစိုးရမဟုတ်သည့် အဖွဲ့ အစည်းများ (INGO) နှင့် မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့ အစည်းအမျိုးမျိုး ပါဝင်ပါသည်။

အစီရင်ခံစာတွင် အချိန်ကြာမြင့်နေပြီဖြစ်၍ လက်ရှိတွင် ပိုမိုနက်ရှိုင်းလာနေသော ပဋိပက္ခ/အကျပ်အတည်းတစ်ခု ဖြစ်သည့် မြန်မာနိုင်ငံ၏ အလုံးစုံသောပုံရိပ်ကို ဖော်ပြထားပြီး၊ ဒေသတွင်း ကိုက်ညီအောင်ဆောင်ရွက်ခြင်း (Localisation)၏ ကျိုးကြောင်းဆီလျော်မှုနှင့် ဆိုလိုမှု အဓိပ္ပာယ်အပြင်၊ ပူးပေါင်းဆောင်ရွက်မှု၊ ဘဏ္ဍာငွေကြေး၊ စွမ်းဆောင်ရည်များနှင့် ပေါင်းစပ်ညှိ နှိုင်းမှုနယ်ပယ်များတွင် ဒေသတွင်းကိုက် ညီအောင်ဆောင်ရွက်ခြင်း (Localisation)ကို လက်တွေ့ အဖြစ်သို့ မည်သို့ပြောင်းလဲနိုင်ပုံတို့ကို ဖော်ပြထားပါသည်။ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့ အစည်းများ (CSOs) များသို့ အကြံပြု ချက်များစွာကို အောက်ပါအတိုင်း အကျဉ်းချုပ်တင်ပြပေးထားပါသည်။

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

- ☐ **ဒေသတွင်း ကိုက်ညီအောင်ဆောင်ရွက်ခြင်း (Localisation)ဟူသည့်အဓိပ္ပာယ်အပေါ် သဘောတူညီပါ -** ဒေသတွင်းအဖွဲ့အစည်းတို့အား အစားထိုးခြင်း သို့မဟုတ် လက်အောက်ငယ်သားများအဖြစ်သွတ်သွင်းခြင်းဟူသည်ထက်၊ အများပူးပေါင်းပါဝင်ခြင်း၊ အပြန်အလှန်လေးစားမှုနှင့် စစ်မှန်သောမိတ်ဖက်ပြုမှုဟူသည့်စိတ်ဓာတ်တို့ဖြင့် ၎င်းတို့အား ပံ့ပိုးကူညီပေး၍၊ ပြန်လည်အားဖြည့် ပေးခြင်းတို့အဖြစ် ဒေသတွင်း ကိုက်ညီအောင်ဆောင်ရွက်ခြင်း (Localisation)ကို မှန်ကန်စွာနားလည်ရန် ဆောင်ရွက်ပါ။ ဤနေရာတွင် အာဏာကို တာဝန်သိစွာအသုံးပြုမှု နှင့် ဖြစ်နိုင်ချေရှိသော အာဏာအလွဲသုံးစားမှုတို့ အကြောင်း ပွင့်ပွင့်လင်းလင်းပြောဆိုမှုများ နှင့် ပူးပေါင်း ဆောင်ရွက်မှုရှိသောဆက်ဆံရေးတို့တွင် ပါဝါ အပြောင်းအရွှေ့များကို အစဉ်တစိုက် အာရုံစိုက်ထားရန် လိုအပ်သည်။

- ☐ **ပူးပေါင်းဆောင်ရွက်မှုရှိသောဆက်ဆံရေး၏ စစ်မှန်သောသဘော သဘာဝနှင့်ပတ်သက်၍ ပွင့်လင်း မြင်သာမှုရှိရန်**နှင့် အရည်အသွေးမြင့်မားသည့်ဆက်ဆံရေးတစ်ခုအတွက် "မိတ်ဖက်ဖြစ်မှု" ဟူသော အသုံးအနှုန်းကို အသုံးပြုပါ။ ဆက်ဆံရေးနှင့် ယုံကြည်မှုတည်ဆောက်ခြင်း တို့တွင် ရည်ရွယ်ချက်ရှိရှိဖြင့် ရင်းနှီး မြှုပ်နှံပါ။

- ☐ **ဘေးအန္တရာယ်များ အကြောင်း ဆွေးနွေးပါ။** - မြန်မာနိုင်ငံရှိအဖွဲ့အစည်းများကို မပံ့ပိုးခြင်း သို့မဟုတ် တတ်နိုင်သမျှ မပံ့ပိုးလိုက်သည့်အတွက် ကျရောက်လာမည့် မဟာဗျူဟာမြောက် ဘေးအန္တရာယ်များကို ဘေးအန္တရာယ်ဆိုင်ရာမက်ထရစ်များတွင် ထည့်သွင်းပါ။ အလှူရှင်များ၊ နိုင်ငံတကာရှိ လုပ်ငန်း ဆောင်ရွက်နေသည့်အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံမှ အဖွဲ့အစည်းများကို ဘေးအန္တရာယ်အမျိုးအစား များအကြောင်း အလေးထား၍ အတူတကွဆွေးနွေးရန်အတွက် ပြန်လည်ခေါ်ဆောင်ပါ။ အခွင့်အလမ်း ကိုရှာဖွေခြင်းဖြင့် ဘေးအန္တရာယ်ဆိုင်ရာစိုးရိမ်မှုများကို ဖြည့်စွက်ပါ။ - မြန်မာနိုင်ငံရှိအဖွဲ့အစည်းများနှင့် နီးကပ်စွာလုပ်ဆောင်ခြင်းက အခွင့်အလမ်းများကို ဖန်တီးပေးပါသည်။

- ☐ **စွမ်းဆောင်ရည်များကို အသိအမှတ် ပြုပါ။** - မြန်မာနိုင်ငံရှိအဖွဲ့အစည်းများတွင် သက်ဆိုင်ရာ စွမ်းရည် များစွာရှိကြောင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း အကြား သင်ယူနိုင် သလောက်ပင် မြန်မာနိုင်ငံရှိအဖွဲ့အစည်းများထံမှ သင်ယူရမည်ဟူသည့် ယူဆချက်မှစတင်ပါ။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မြန်မာတို့၏ မိမိကိုယ်ကိုယ်ယုံကြည် မှုကို အားနည်းစေကာ၊ ၎င်းတို့၏အကောင်းဆုံးဝန်ထမ်းကို လက်ရှိအလုပ်အား ထွက်ရန်ဆွဲ ဆောင်ပြီး၊ ငွေကြေးမလုံမလောက်ဖြင့် ၎င်းတို့အား ထိန်းသိမ်းထားပါက၊ မြန်မာတို့၏စွမ်းဆောင်ရည်များကို လျော့ပါးသွားစေနိုင်ကြောင်း အသိအမှတ် ပြုပါ။

- ☐ မြန်မာနိုင်ငံ၏ တိုင်းနှင့် ပြည်နယ်အသီးသီးရှိ အမျိုးမျိုးသောအခြေအနေများတွင် လိုအပ်ချက်များ၊ စွမ်းဆောင်ရည်များနှင့် လုပ်ငန်းလည်ပတ်မှု အခြေအနေများမှာ အလွန်ကွာခြားသောကြောင့်၊ ကဏ္ဍအလိုက်/ အကြောင်းအရာအလိုက် ပေါင်းစပ်ညှိနှိုင်းမှုထက် နယ်ပယ်အလိုက် **ဦးစားပေးဆောင်ရွက်ပါ။**

- ☐ **လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကာလလတ်ရည်မှန်းချက်အဖြစ် ညှိနှိုင်းဆောင်ရွက် ကြိုးပမ်းမှုများအပေါ် တွင် ပူးတွဲခေါင်းဆောင်မှုကိုထားရှိပါ။** မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများအနေဖြင့် အဓိပ္ပာယ်ပြည့်ဝစွာ ပူးပေါင်းပါဝင်ရန် ပိုမိုလွယ်ကူစေသော ပတ်ဝန်းကျင်တစ်ခု မရှိလျှင် ထိုသို့ မဖြစ် နိုင်ပေ။

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

## ကျောထောက်နောက်ခံပြု အလှူရှင်အဖွဲ့အစည်းများထံသို့ အကြံပြုချက်များ

- **မြန်မာနိုင်ငံအနေဖြင့် နှစ်ရှည်လများကြာအောင် အကျပ်အတည်းနှင့်ဆက်လက်ရင်ဆိုင်ရမည် ဖြစ်ကြောင်း အသိအမှတ် ပြုပြီး၊** မြန်မာနိုင်ငံအတွင်းရှိတုံ့ပြန်သူများစွာကို နိုင်ငံတကာ အကူအညီ များအတွက် ဆောင်ယူပံ့ပိုးပေးသည့်နည်းလမ်းမျှသာမဟုတ်ဘဲ၊ ၎င်းတို့၏ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်နေသူများအဖြစ် အထောက်အကူပေးခြင်းက တန်ဖိုးတစ်ရပ်၊ ရည်မှန်းချက်တစ်ရပ် ဟုတ်၊ မဟုတ်ကို အဖွဲ့အစည်း အနေဖြင့် နားလည်ရှင်းလင်းအောင်ပြုလုပ်ပါ။

- နိုင်ငံအတွင်း ဒေသတစ်ဝှမ်းလုံးတွင် မြန်မာအဖွဲ့အစည်းအလုံအလောက်၏ **စီးပွားရေးအရ အဖွဲ့အစည်းဆိုင်ရာ ဆက်လက်ရပ်တည်နိုင်မှု**ကို စဉ်ဆက်မပြတ်သေချာစေရန်။

- **အရည်အသွေးရှိသော ရန်ပုံငွေရရှိရန် ရည်ရွယ်ပါ။** - နိုင်ငံတကာနှင့် မြန်မာနိုင်ငံရှိ ကြားခံအဖွဲ့အစည်းများအနေဖြင့် အရည်အသွေးပြည့်ဝသော ရန်ပုံငွေများကို သေချာစွာရရှိ စေရန်အပြင်၊ ၎င်းတို့အနေဖြင့် ယင်းရန်ပုံငွေကို ထောက်ပံ့ကြေးရရှိသည့်အဖွဲ့အစည်းငယ်များထံသို့ လွှဲပြောင်း ပေးသည်ကို စောင့်ကြည့်စစ်ဆေးပါ။ ရန်ပုံငွေ၏ အရည်အသွေးသည် ပမာဏကဲ့သို့ပင် အဖွဲ့အစည်းဆိုင်ရာနှင့် အစီအစဉ်ပိုင်းဆိုင်ရာ ထိရောက်မှုတို့ အတိုင်းပင် သို့မဟုတ် ထိုထက်ပို၍ပင် အရေးကြီးပါသည်။ အဖွဲ့အစည်းအတွင်း စွမ်းဆောင်ရည်ဆိုင်ရာဖွံ့ ဖြိုးတိုးတက်ရေး၌လည်း အရေးကြီးပါသည်။

- မြန်မာနိုင်ငံရှိအေဂျင်စီအဖွဲ့အစည်းများထံသို့ ရန်ပုံငွေပိုမိုရရှိစေရန် **တိုက်ရိုက်ရန်ပုံငွေအတွက် အမြင့်ဆုံးချဉ်းကပ်မှုမဟုတ်ဘဲ ဖြည်းဖြည်းချင်းရရှိမှုစံနှုန်းကို ကျင့်သုံးပါ။** ၎င်းသည် လိုအပ်သည့် နေရာတွင် အဖွဲ့အစည်းဆိုင်ရာမူဝါဒများနှင့် အစီအစဉ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို ရေးဆွဲရန် ပံ့ပိုးကူညီမှုနှင့်အတူပေါင်းစပ်ထားသည့် ထောက်ပံ့ ငွေအနည်းငယ်ဖြင့် စတင်ပါသည်။ တိုးတက်မှု ဖြစ်ပေါ်လာပြီး၊ ဆက်ဆံရေးတွင် ယုံကြည်မှုတိုးလာသည်နှင့်အမျှ ထောက်ပံ့ကြေးများသည် ပိုမို ကြီးမားလာနိုင်သည်။

- **ဘဏ္ဍာရေးပိုင်းဆိုင်ရာခိုင်မာအားကောင်းမှုနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များ ဖွံ့ဖြိုး တိုးတက်ရေးတို့အကြား လိုအပ်သော ချိတ်ဆက်မှုကို ပြု လုပ်ပါ။** လက်ခံသူအဖွဲ့အစည်းက အရည်အချင်းရှိသောသူများကို ဆွဲဆောင်ထိန်းသိမ်းထားနိုင်မှုမရှိဘဲ၊ အရည်အသွေးပြည့်မီသော အလုပ်အတွက် လိုအပ်သော အချိန်များကို မြှုပ်နှံထားရန် လူအလုံအလောက်မရှိနိုင်ပါလျှင်၊ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု၌ ရင်းနှီးမြှုပ်နှံမှုများမှတဆင့် မည်သည့်ရလဒ်မှ ပြန်လည်ရရှိမည် မဟုတ်ပေ။

- **စွမ်းဆောင်ရည်ပံ့ပိုးမှု အရင်းအမြစ်များဖြင့် မြန်မာနိုင်ငံ၏အခြေခံအဆောက်အအုံတွင် ပိုမို ရင်းနှီး မြှုပ်နှံပါ။** နှစ်ရှည်လများနှင့် ထပ်တလဲလဲဖြစ်နေသည့် အကျပ်အတည်းများကို ကြုံတွေ့နေရသော နိုင်ငံများတွင် အလားသဏ္ဍာန်တူသော အခြေခံအဆောက်အအုံများတွင်မဟုတ်ဘဲ၊ စွမ်းဆောင်ရည် ပံ့ပိုးပေးသည့် အရင်းအမြစ်များဖြင့် နိုင်ငံတကာအခြေခံအဆောက်အအုံတို့တွင် ရင်းနှီးမြှုပ်နှံခြင်းက ရေရှည်ရှုထောင့်မှငွေကြေးတန်ဖိုးကို မပေးနိုင်ပေ။

- **စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ မဟာဗျူဟာမြောက်ပါစေ။** - 'စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုး တက်ရေး' ဆောင်ရွက်ရန် အဆိုပြုထားသော နိုင်ငံတကာရှိကြားခံအဖွဲ့အစည်းများထံမှ တောင်းဆိုချက်။ ၎င်းတို့သည် တစ်ဦးချင်းစွမ်းဆောင်ရည်များသာမက၊ ပိုမိုခိုင်မာသော အဖွဲ့အစည်း ဆိုင်ရာစွမ်းဆောင်ရည်များအရ ရှင်းလင်းသောရည်မှန်းချက်များကို တင်ပြရန်အပြင်၊ အခန်းကဏ္ဍ ပြောင်းလဲခြင်းဆိုင်ရာ ရည်မှန်းချက်များနှင့် ဤအချက်ကို ချိတ်ဆက်ရန် တောင်းဆိုထားသည်။

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

## ကျောထောက်နောက်ခံပြု အလှူရှင်အဖွဲ့အစည်းများ နှင့် နိုင်ငံတကာ ကြားခံအဖွဲ့အစည်းများအား အကြံပြုချက်များ

- **မြန်မာနိုင်ငံရှိ အရပ်ဖက်အဖွဲ့အစည်းများအား စစ်ကောင်စီ၏အုပ်ချုပ်မှုယန္တရားဖြင့် မှတ်ပုံတင်ထားရှိရန် တွန်းအားပေးခြင်း မပြုလုပ်ပါနှင့်။** လက်တွေ့တွင်၊ နိုင်ငံတကာ အကူအညီပေးရေး အေဂျင်စီများအတွက် အမှန်တကယ် အာမခံချက်များနှင့် ဘေးအန္တရာယ်လျှော့ချပေး မှုမျိုးမရှိသော်လည်း၊ ၎င်းတို့၏ လွတ်လပ်မှုကို သိသိသာသာလျှော့ချနိုင်ချေရှိသည့် အပြင်၊ ၎င်းတို့နှင့် ၎င်းတို့ကို ပံ့ပိုးပေးသူများကို အန္တရာယ်ဖြစ်စေနိုင်သည်။
- **လိုက်လျောညီထွေဖြစ်အောင် စီမံခန့်ခွဲမှုကို လက်ခံကျင့်သုံးအောင်ပြုလုပ်ပါ။** - ယနေ့မြန်မာ နိုင်ငံ၏ နေရာအတော်များများတွင် မတည်ငြိမ်မှုနှင့် မှန်းဆမရသောအခြေအနေ တို့မှာ 'ပုံမှန်' ပင်ဖြစ်သည်။ ကျောထောက်နောက်ခံပြု အလှူရှင်များအနေဖြင့် အလွန်အမင်း အသေးစိတ်သော အစီအစဉ်များကို ပြုလုပ်ရန် တွန်းအားမပေးနိုင်သည့်အပြင် သို့မဟုတ် အာမခံထားသော ရလဒ် များကို မမျှော်လင့်နိုင်သည့် အပြင်၊ အလွန်အကျွံ ဖြစ်သော စာရွက်စာတမ်းများမလိုအပ်ဘဲ လျင်မြန်စွာ ပြန်လည်သုံးသပ်၍ ဆုံးဖြတ်ရမည့် ကြားဝင်ဆောင်ရွက်မှုတစ်ရပ်ကို သိသာထင်ရှားစွာကျင့်သုံးနိုင်ချေရှိမှုကို ခွင့်ပြုသည့် စီမံခန့်ခွဲရေးနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်များရှိထားရန် လိုအပ်ပါသည်။
- ယနေ့မြန်မာနိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်နေသူများအတွက် လက်တွေ့ကျသော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကန့်သတ်ချက်များနှင့် ပြဿနာများအတွက် လက်တွေ့ကျသော ဖြေရှင်းချက်များကို ရှာဖွေရာတွင် **အုပ်ချုပ်ရေးဆိုင်ရာလိုအပ်ချက်များကို လျှော့ချပြီး** တီထွင် ကြံဆမှု ရှိပါစေ။ ယင်းအချက်က တစ်ခါတစ်ရံတွင် နိုင်ငံတကာစံနှုန်းများအား ကိုက်ညီအောင်မပြုလုပ်နိုင်သောကြောင့်၊ ဝန်ဆောင်မှုများ နှင့် ကုန်ပစ္စည်းများ၏ ပိုမိုနိမ့်ပါးသောအရည်အသွေးများကမည်သည့်အရာမျှမရှိခြင်းထက် လုံးဝပိုမိုကောင်းမွန် ကြောင်း လက်ခံခြင်းကို ဆိုလိုကောင်းဆိုလိုနိုင်သည်။

## ကျောထောက်နောက်ခံပြု အလှူရှင်များ နိုင်ငံတကာ ကြားခံအဖွဲ့အစည်းများ နှင့် မြန်မာနိုင်ငံအတွင်း လုပ်ငန်း ဆောင်ရွက်နေသည့်အဖွဲ့အစည်းများထံသို့ အကြံပြုချက်များ

- **အားလုံးပါဝင်နိုင်ပါစေ** - ဒေသတွင်း ကိုက်ညီအဆောင်ရွက်ခြင်း (Localisation)ဆိုင်ရာမူဝါဒများနှင့် အလေ့အကျင့်များတွင် ထိခိုက်ခံစားရသော လူမှုအဖွဲ့များ/ မဲဆန္ဒနယ်များ၏ အဓိပ္ပာယ်ပြည့်ဝသောပါဝင်မှုကို ထည့်သွင်းပါ။ ယင်းအချက်က အေဂျင်စီမှ ဆုံးဖြတ်ထားသော ကြားဝင်ဆောင်ရွက်ပေးမှုများအပေါ် ပြန်လည်တုံ့ပြန်ချက်နှင့် တိုင်ကြားချက်များထက် ကျော်လွန်ပြီး၊ ဦးစားပေးကိစ္စများ၊ ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် လူမှု/ အုပ်စု အသိုင်းအဝိုင်း၏ လွှမ်းမိုးမှုကို လက်ခံပါသည်။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာစောင့်ရှောက်မှုကို ဆက်လက်တိုက်ခိုက်ချေမှုန်းမှုများ မရှိခြင်း အပါအဝင်၊ 'ခွဲခြားဆက်ဆံမှုမရှိခြင်း' အဖြစ် နားလည်ထားသော **သမာသမတ်ရှိမှုကို မြှင့်တင်ပြီး တွန်းအားပေးပါ။** နိုင်ငံရေးအရဘက်မလိုက်ခြင်းသည် အမြဲတမ်းဆိုသလိုပင် နည်းပရိယာယ် တစ်ခုဖြစ်ပြီး အခြေခံကျသော နိယာမတစ်ခု မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း သိထားပါ။ ထို့ကြောင့် ပိုမိုကြီးမားသောရရှိမှုဆီသို့ ဦးတည်လိမ့်မည်ဟု လက်တွေ့ကျကျ မျှော်လင့်၍ မရနိုင်သူများအတွက် ယင်းဘက်မလိုက်မှုကို တွန်းအားပေးရန် မသင့်ပေ။ နည်းပရိယာယ်အရဘက်မလိုက်မှုသည်လည်း နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေက ချမှတ်ထားသော အခြေခံအခွင့်အရေး များနှင့် ကန့်သတ်ချက်များကို ခုခံကာကွယ်ရန် တာဝန်ရှိမှုအတွက် အကူအညီပေးရေးအေဂျင်စီအား မစွမ်းဆောင်နိုင်ပေ။

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

# အကြံပြုချက်များ

## မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများထံသို့ အကြံပြုချက်များ

- **အစပျိုးလုပ်ဆောင်ပါ** - နိုင်ငံတကာအဖွဲ့အစည်းများထံ အဆိုပြုပါ။ မြန်မာနိုင်ငံရှိ အရပ်ဖက်အဖွဲ့အစည်း များအနေဖြင့် ၎င်းတို့၏ တည်ကြည်ဖြောင့်မတ်မှု အရည်အသွေးနှင့် တာဝန်ခံမှုဆိုင်ရာ စံနှုန်းများကို ပိုင်ဆိုင်ရန် လိုအပ်ပါသည်။ အခြေအနေအားဖြင့် ဆက်စပ်၍ လက် တွေ့ဆန်သော နည်းလမ်းများဖြင့် မြန်မာနိုင်ငံမှပါဝင်ပတ်သက်သူများအတွက် သင့်ကိုယ်ပိုင် စံချိန်စံညွှန်းများကို အစကပင် ထုတ်ဖော်ပါ။

- **ဒေသတွင်းအခြေအနေနှင့် ပါဝါအရွေ့အပြောင်းများကို အားလုံးပါဝင်စေပြီး၊ အာရုံထားပါ။** ထို့အပြင် ပိုမိုတည်ဆောက်ထားသော မြန်မာနိုင်ငံရှိအရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် အေဂျင်စီနှင့် ဒေသခံ အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများကို အသိအမှတ်ပြုရန် ပျက်ကွက်နိုင်ပြီး၊ ၎င်းတို့ကိုရှောင်ကွင်းခြင်းဖြင့် ဘေးအန္တရာယ်ဖြစ်စေနိုင်သည်။ အမျိုးသမီးများနှင့် လူငယ်များကို လက်အောက်ငယ်သား အဖြစ်ထားရှိသည့် လူမှုထုံးတမ်းစဉ်လာများက အများပူးပေါင်းပါဝင်မှု ကို အဟန့်အတားဖြစ်စေနိုင်သည့် အတွက်ကြောင့်၊ သရုပ်သကန်အခြေပြု အပြုအမူများကို ယင်း နေရာတွင် နောက်ထပ်အလွှာတစ်ခု အဖြစ် ထပ်တိုးစေနိုင်သည်။

- **အတူတကွလုပ်ဆောင်ပါ။** - ပြည်တွင်းတွင်၊ ပူးပေါင်းဆောင်ရွက်လိုသောဆန္ဒနှင့် အရည်အချင်းများကို မြှင့်တင်ရန်နှင့် အားကောင်းအောင်ဆောင်ရွက်ပါ။ မြန်မာနိုင်ငံရှိအဖွဲ့အစည်းများ အကြား ပြိုင်ဆိုင်မှုက မြန်မာပြည်သူများအတွက် အကောင်းဆုံးအကျိုးစီးပွားတွင် မတည်ပေ။

- အခြားမြန်မာနိုင်ငံရှိအဖွဲ့အစည်းများဆီသို့ **အခွင့်အရေးများ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် တွန်းအားတစ်ရပ်ရှိပါစေ**- ပြင်းထန်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို တုံ့ပြန်ရန် လိုအပ်သော်လည်း၊ တစ်ခုတည်းသော အဖြေက နိုင်ငံရေး ပြောင်းလဲမှုအဆင့်ပေါ်တွင် မူတည်နေသည်။ ထို့ ကြောင့် လူ့အခွင့်အရေးများ၊ ဒီမိုကရေစီအသွင် ကူးပြောင်းရေးအပြင်၊ ကွဲပြားမှုနှင့် ပဋိပက္ခများကို အကြမ်းမဖက်ဘဲ ကိုင်တွယ်ဖြေရှင်းမှုများအတွက် ထောက်ခံအားပေးသူများနှင့် စံနမူနာပြုများအဖြစ် ဆက်လက်ထားရှိပါ။

## အခြားအကြံပြုချက်များ

- <u>နိုင်ငံတကာနှင့် မြန်မာနိုင်ငံမှ လုပ်ငန်းဆောင်ရွက်သူများ/ တုံ့ပြန်ဆောင်ရွက်နေသူများထံသို့</u> - အောင်မြင်မှုက မည်သို့မည်ပုံရှိကြောင်းကို မျှဝေသည့်အမြင်၊ အဓိကမှတ်တိုင်များအပေါ် သဘောတူညီမှု အပြင်၊ တိုးတက်မှုကို မည်သို့အကဲဖြတ်ပုံတို့နှင့်အတူ၊ **ဒေသတွင်းကိုက်ညီအောင် ဆောင်ရွက်ခြင်း (Localisation)ကို တိုးတက်အောင် သို့မဟုတ် ပိုမိုနက်ရှိုင်းလာစေအောင် အတွက် စုပေါင်းမူဘောင်များကို ပူးတွဲရေးဆွဲပါ။** မြန်မာနိုင်ငံရှိ တိုင်းနှင့် ပြည်နယ်အသီးသီး၏ အခြေအနေများအတွက် သီးခြားမူဘောင်များ ရေးဆွဲပါ။

- <u>ကျောထောက်နောက်ခံပြု အလှူရှင်များနှင့် နိုင်ငံတကာ/ မြန်မာနိုင်ငံရှိ ကြားခံအဖွဲ့အစည်းများထံသို့</u> - **မြန်မာနိုင်ငံရှိအဖွဲ့အစည်းများအား သတင်းအချက်အလက်တောင်းဆိုမှုများအတွက် အလွန်အမင်း ဝန်ထုပ်ဝန်ပိုး မဖြစ်စေပါနှင့်၊** သို့မဟုတ် ၎င်းတို့အား တုံ့ပြန်ရန်အတွက် နောက်ထပ်ဝန်ထမ်းများအား ခန့်အပ်ပေးပါ။ လက်တွေ့တွင် ၎င်းတို့အနေဖြင့် ရှာဖွေနေသည့် သတင်းရရှိမှုအပေါ် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများအား လွန်မင်းစွာအားကိုးခြင်းမပြုပါက၊ အမှီအခိုကင်းပြီး သီးသန့်ဆန်သည့်ဝန်ဆောင်မှု များက ယင်းအချက်ကို ရှောင်ရှားနိုင်သည်။

HARP-F
Humanitarian Assistance and Resilience Programme Facility
CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY
Supported by:
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

- နိုင်ငံတကာနှင့် မြန်မာနိုင်ငံရှိ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပံ့ပိုးကူညီသူများထံသို့ **- အဖွဲ့အစည်းဆိုင်ရာ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုမှ စတင်ကာ၊ သင်ယူမှုအကြောင်းအရာ နယ်ပယ် အလိုက် အံဝင်ခွင်ကျဖြစ်ရန် လိုအပ်သည့်နေရာတွင် စုပေါင်းလုပ်ဆောင် နိုင်မှုရလဒ် အမြင်ရှုထောင့်မှ စတင်ပါ။** မြန်မာနိုင်ငံရှိအဖွဲ့အစည်းများအကြား အချင်းချင်း သင်ယူလေ့လာမှုကို ဆောင်ရွက်နိုင်အောင် ကူညီပေးပါ။



*Design template: © Molly Webster*
*Photos: © HARP-F partner*

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.